# လူအမြောက်အမြားသတ်ဖြတ်မှု ကို ငြင်းပယ်ခြင်း (Holocaust Denial)နှင့် အမှန်တရားကို ပုံဖျက်ခြင်း (Distortion) ဆိုသည်မှာ အဘယ်နည်း?

## လူအမြောက်အမြားသတ်ဖြတ်မှုကို ငြင်းပယ်ခြင်း(Holocaust denial) နှင့် အမှန်တရားကို ပုံဖျက်ခြင်း(Distortion) တို့ကို နိုင်ငံတကာ လူအမြောက်အမြားသတ်ဖြတ်မှု (Holocaust) အထိမ်းအမှတ်မဟာမိတ် (IHRA)မှ ဤနေရာတွင် ဖွင့်ဆိုသော အနက်အဓိပ္ပါယ်အကြောင်း

နိုင်ငံတကာ လူအမြောက်အမြား သတ်ဖြတ်မှု (Holocaust) အထိမ်းအမှတ် မဟာမိတ် (IHRA) ၏ အဖွဲ့ဝင် ၃၁ နိုင်ငံတို့သည် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့ တိုရွန်တို (Toronto) ၌ ကျင်းပခဲ့သော IHRA၏ မျက်နှာစုံညီအစည်းအဝေးတွင် လူအမြောက်အမြား သတ်ဖြတ်မှုကို ငြင်းပယ်ခြင်း(Holocaust Denial) နှင့် အမှန်တရားကို ပုံဖျက်ခြင်း(Distortion) တို့ကို ဤနေရာတွင် ဖွင့်ဆိုသော အနက်အဓိပ္ပာယ်ကို အတည်ပြုခဲ့သည်။ ယင်း ဖွင့်ဆိုထားသော အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုထားသောအနက်အဓိပ္ပာယ်ကို အလုပ်ဖြစ်သည့်ကိရိယာတစ်ခုအနေဖြင့် အသုံးပြုနိုင်အောင် IHRA ၏ အစိုးရကိုယ်စားလှယ်များ နှင့်ပူးပေါင်းကာ ဂျူးလူမျိုးများအပေါ် ခွဲခြားဆက်ဆံမှု သို့မဟုတ် မလိုမုန်းထားမှု (Antisemitism) နှင့် လူအမြောက်အမြား သတ်ဖြတ်မှုကို ငြင်းပယ်ခြင်း(Holocaust Denial) ဆိုင်ရာ ကော်မတီတွင် ပါဝင်သော IHRA ၏ ကျွမ်းကျင်ပညာရှင်များမှ တီထွင်ဆန်းသစ်ခဲ့သည်။

## လူအမြောက်အမြားသတ်ဖြတ်မှုကို ငြင်းပယ်ခြင်း(Holocaust denial) နှင့် အမှန်တရားကို ပုံဖျက်ခြင်း( distortion) တို့ကို ဤနေရာတွင် ဖွင့်ဆိုသော အနက်အဓိပ္ပာယ်

လက်ရှိအနက်အဓိပ္ပာယ်သည် - လူအမြောက်အမြားသတ်ဖြတ်မှုအပေါ် ငြင်းပယ်ခြင်း (Holocaust denial) နှင့် အမှန်တရားကို ပုံဖျက်ခြင်း (distortion) ကို နိုင်ငံတွင်း နှင့် နိုင်ငံတကာတို့တွင် စိန်ခေါ်၊ ရှုတ်ချရမည်ဖြစ်ကာ တစ်ကမ္ဘာလုံးဆိုင်ရာအဆင့်တွင် စိစစ်သုံးသပ်ရန် လိုအပ်ကြောင်း အသိအမြင်နိုးကြားမှုကို ဖော်ထုတ်ပြသသည်။ ဤမှသည် IHRA အနေဖြင့် အောက်ပါတရားဝင်အရ နှောင်ဖွဲ့မှုကင်းသော ဤနေရာတွင် ဖွင့်ဆိုသောအနက်အဓိပ္ပာယ်ကို အလုပ်ဖြစ်သည့်ကိရိယာတစ်ခုအနေဖြင့် လက်ခံပြဋ္ဌာန်းလိုက်သည်။

လူအမြောက်အမြားသတ်ဖြတ်မှုကို ငြင်းပယ်ခြင်း(Holocaust denial) သည် - လူအမြောက်အမြား သတ်ဖြတ်မှု (Holocaust) သို့မဟုတ် ရှိုး (Shoah) ဟု လူသိများကြသော - ဒုတိယကမ္ဘာစစ်အတွင်း နာဇီများ နှင့် ၎င်းတို့၏ ကြံရာပါများမှ ဂျူးလူမျိုးများကို ရှင်းလင်းသတ်ဖြတ်သုတ်သင်ခဲ့သည့် အတိုင်းအတာနှင့် စင်စစ်သမိုင်းကြောင်းအမှန် တို့ကို ငြင်းပယ်သည့် အကျယ်တဝင့် ရေးသားချက်နှင့် ဝါဒဖြန့်ချိမှု ဖြစ်သည်။ လူအမြောက်အမြားသတ်ဖြတ်မှုကို ငြင်းပယ်ခြင်း(Holocaust denial)ဆိုသည်မှာ အဆိုပါ Holocaust/Shoah တို့ ဖြစ်ပေါ် ခဲ့ခြင်းမရှိကြောင်း အဆိုပြုရန် ကြိုးပမ်းသည့် မည်သည့်အရာကိုမဆို အထူးရည်ညွှန်းခြင်း ဖြစ်သည်။

လူအမြောက်အမြား သတ်ဖြတ်မှုကို ငြင်းပယ်ခြင်း(Holocaust denial)တွင် - (ဓါတ်ငွေ့ခန်းများ၊အစုလိုက်အပြုံလိုက် ပစ်ခတ်ခြင်းများ၊ အစာငတ်ထားခြင်းနှင့် ညှဥ်းပမ်းနှိပ်စက်ခြင်း စသည့်) အဓိက ဖျက်ဆီးရေး ယန္တရားများအား အသုံးပြုခြင်းအပေါ် နှင့် ဂျူးလူထုအား ရည်ရွယ်ချက်ရှိရှိ လူမျိုးတုံးသတ်ဖြတ်မှုတို့အပေါ် လူထုအကြား ငြင်းဆိုခြင်း သို့မဟုတ် ယုံမှားသံသယအဖြစ် ပြောဆိုခြင်း စသည်တို့ ပါဝင်နိုင် သည်။

ပုံစံအမျိုးမျိုးရှိသည့် 'လူအမြောက်အမြားသတ်ဖြတ်မှုကို ငြင်းပယ်ခြင်း (Holocaust denial)' သည် ဂျူးလူမျိုးများအပေါ် ခွဲခြားဆက်ဆံမှု သို့မဟုတ် မလိုမုန်းထားမှု( Antisemitism) ကို ပြသထားသည့်ဖော်ပြချက်တစ်ခုသာ ဖြစ်သည်။ ဂျူးလူမျိုးများအား လူမျိုးတုံးသတ်ဖြတ်မှုကို ငြင်းပယ်ခြင်းသည် ဂျူးလူမျိုးများအား လူမျိုးတုံးသတ်ဖြတ်မှုတွင် အပြစ်မကင်းမှု သို့မဟုတ် တာဝန်ယူမှု အတွင်းမှ အမျိုးသားလူမှုရေးနှင့် ဂျူးလူမျိုးများအပေါ် ခွဲခြားဆက်ဆံမှု သို့မဟုတ် မလိုမုန်းထားမှု( Antisemitism) တို့ကို ပထုတ်ရန် ကြိုးပမ်းအားထုတ်မှုသာဖြစ်သည်။ လူအမြောက်အမြား သတ်ဖြတ်မှုကို ငြင်းပယ်ခြင်း ၏ ပုံစံများထဲတွင် - ဂျူးများအနေဖြင့် နိုင်ငံရေး သို့မဟုတ် ဘဏ္ဍာရေး အမြတ်ထုတ်ရန် ရှိုး (Shoah) ကို ပုံကြီးချဲ့သည့် သို့မဟုတ် ဖန်တီးသည့်အလားနှင့်၊ ရှိုး (Shoah) ဖြစ်စဉ် ကိုယ်၌က ဂျူးလူမျိုးများမှ ဇာတ်ဆင်ထားသည့် အကြံအစည်၏ ရလဒ်တစ်ခု အလား၊ ဂျူးလူမျိုးများကို အပြစ်တင်ခြင်း ပုံစံလည်း ပါဝင်သည်။ ယင်းသို့ ငြင်းပယ်ခြင်း၏ ရည်ရွယ်ချက်မှာ ဂျူးလူမျိုးများအပြစ်ခံယူထိုက်မှု နှင့် ဂျူးလူမျိုးများအပေါ် ခွဲခြားဆက်ဆံမှု သို့မဟုတ် မလိုမုန်းထားမှု( Antisemitism) တို့ကို တရားဝင်ထပ်ဖြစ်စေရန် ဖြစ်သည်။

လူအမြောက်အမြားသတ်ဖြတ်မှုကို ငြင်းပယ်ခြင်း (Holocaust denial)၏ ပန်းတိုင်များမှာ- ရှင်းရှင်းလင်းလင်း ဖော်ပြထားသည့် ဂျူးလူမျိုးများအပေါ် ခွဲခြားဆက်ဆံမှု သို့မဟုတ် မလိုမုန်းထားမှု( Antisemitism)တစ်ခု၏ ပြန်လည်ထူထောင်အသက်သွင်းရေးနှင့်၊ ငြင်းပယ်သည့် ဖြစ်စဉ်အမျိုးအစားတိုင်းတို့ မျက်မှောက်ဖြစ်လာရေးအတွက် သင့်တော်သော နိုင်ငံရေးအယူဝါဒများ နှင့် အခြေအနေရပ်များကို မြှင့်တင်ရန် - တို့ ဖြစ်လေ့ရှိသည်။

## လူအမြောက်အမြားသတ်ဖြတ်မှု၏ အမှန်တရားအား ပုံဖျက်ခြင်းသည် အောက်ပါတို့ကို အပြန်အလှန် ရည်ညွှန်းသည်။

**၁။ လူအမြောက်အမြား သတ်ဖြတ်မှုကြောင့် သို့မဟုတ် သတ်ဖြတ်မှုအတွင်း ပူးပေါင်းကြံစည်ခဲ့သူများ နှင့် နာဇီ ဂျာမနီ၏ မိတ်ဖက်များ စသည့် အဓိက ပါဝင်သောအစိတ်အပိုင်းများကြောင့် ထိခိုက်သက်ရောက်မှုများအတွက် ဆင်ခြေပေးရန် သို့မဟုတ် ထိခိုက်သက်ရောက်မှုများ နည်းပါးအောင် လျှော့ချရန် ရည်ရွယ်ချက်ရှိရှိ ကြိုးပမ်းလုပ်ဆောင်ချက်များ။**

**၂။ ယုံကြည်အားထားရသည့် အရင်းအမြစ်များမှ ဆိုသည်နှင့် ဆန့်ကျင်ပြီး၊ လူအမြောက်အမြားသတ်ဖြတ်မှုတွင် ထိခိုက်နစ်နာခံရသူများ စုစုပေါင်းအရေအတွက်ကို လျှော့ချရန်။**

**၃။ ဂျူးလူမျိုးများအား လူမျိုးတုံးသတ်ဖြတ်မှုကို ကိုယ်တိုင်ဖြစ်ပေါ်စေခဲ့သည့် ဂျူးလူမျိုးများကို အပြစ်တင်ရန် ကြိုးပမ်းမှုများ။**

**၄။ လူအမြောက်အမြားသတ်ဖြတ်မှုကို အပြုသဘောဆောင်သော သမိုင်းကြောင်းဆိုင်ရာ အဖြစ်အပျက်တစ်ရပ်အဖြစ် သတ်မှတ်သည့် ထုတ်ပြန်ရေးသား ဖော်ပြချက်များ။ ယင်းထုတ်ပြန်ဖော်ပြချက်များသည် လူအမြောက်အမြားသတ်ဖြတ်မှုကို ငြင်းပယ်ခြင်း(Holocaust denial) မဟုတ်သော်လည်း၊ ဂျူးလူမျိုးများအပေါ် ခွဲခြားဆက်ဆံမှု သို့မဟုတ် မလိုမုန်းထားမှု( Antisemitism) အသွင်နှင့် နီးကပ်စွာ ဆက်နွယ်လျက်ရှိသည်။ ယင်းအဆိုများက လူအမြောက်အမြား သတ်ဖြတ်မှု (Holocaust)မှာ "ဂျူးလူမျိုးဆိုင်ရာမေးခွန်း၏ နောက်ဆုံးဖြေရှင်းနည်း" ၏ ပန်းတိုင်ကို ပြည့်မီရောက်ရှိရလောက်သည်အထိ မသွားခဲ့ကြောင်း ဖော်ပြနိုင်သည်။**

**၅။ အခြားနိုင်ငံများနှင့် တိုင်းရင်းသားအုပ်စုများအပေါ်တွင် အပြစ်ဖို့ခြင်းအားဖြင့် - နာဇီ၊ ဂျာမနီ တို့မှ ယန္တရားဆင်ပြီး လည်ပတ်စေခဲ့သော ချွေးသိပ်စခန်းများနှင့် အသေခံစခန်းများအား ထူထောင်ခဲ့မှုအတွက် ရှိရမည့် တာဝန်ခံမှုများကို မှေးမှိန်အောင် ကြိုးပမ်းမှုများ။**

@NEVER AGAIN Association, www.HolocaustEducation-Asia.org, www.NeverAgainAssociation.org